ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**NATIONAL COMMUNITY DRIVEN DEVELOPMENT PROJECT**

**Project No: H814-MM and IDA Credit no: 56870**

# လူထုဗဟိုပြုစီမံကိန်း

## စီမံကိန်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု သုံးလပတ်အစီရင်ခံစာ
## ၂၀၂၁ခုနှစ်  အောက်တိုဘာလ မှ  ဒီဇင်ဘာလ  အထိ

(၂၀၂၂ ခုနှစ်၊ မတ်လ   ၁၈  ရက်)

List of Abbreviations and Acronyms

| | | |
|---|---|---|
| BER | - | Bid Evaluation Report |
| BG | - | Block Grant |
| BGA | - | Block Grant Agreement |
| CFA | - | Community Force Account |
| CDD | - | Community-driven Development |
| DRD | - | Department of Rural Development |
| DSW | - | Department of Social Welfare |
| ECOPs | - | Environmental Codes of Practice |
| EMP | - | Environmental Management Plan |
| EOI | - | Expression of Interest (procurement document) |
| ESMF | - | Environmental and Social Management Framework |
| GESI | - | Gender Empowerment and Social Inclusion |
| GWG | - | Gender Working Group |
| MEB | - | Myanmar Economic Bank |
| NOL | - | No-Objection Letter (WB document) |
| OM | - | Operation Manual |
| PSC | - | Performance Security Guarantee |
| PMIS | - | Project Management Information System |
| RFP | - | Request for Proposals |
| RFQ | - | Request for Quotations |
| TOF | - | Training of Facilitators |
| TTF | - | Training of Technical Facilitators |
| TOT | - | Training of Trainers |
| TS | - | Township |
| TTA | - | Township Technical Assistance |
| UTA | - | Union Level Technical Assistance |
| VL | - | Village Leader |
| VTDSC | - | Village Tract Development Support Committee |
| VPSC | - | Village Project Support Committee |
| VTD | - | Village Tract Development Plan |
| VTPSC | - | Village Tract Project Support Committee |

# မာတိကာ

စီမံခန့်ခွဲမှုအကျဉ်းချုပ်တင်ပြချက်

အဓိကအစီရင်ခံစာ

| | | |
|---|---|---|
| ၁။ | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု | ၅ |
| ၂။ | အစီရင်ခံစာထားသော ပြဿနာများ/ကိစ္စရပ်များနှင့် အထောက်အပံ့လိုအပ်ချက်များ | ၈ |
| ၃။ | သင်တန်းပို့ချမှု အခြေအနေ | ၈ |
| ၄။ | စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် သတင်းအချက်အလက်များစီမံခန့်ခွဲခြင်း | ၉ |
| ၅။ | အခြေခံအဆောက်အဦနှင့်ဘေးကင်းလုံခြုံမှုဆိုင်ရာကိစ္စရပ်များ | ၁၀ |
| ၆။ | ဆန္ဒအလျောက်ထည့်ဝင်လှူဒါန်းခြင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီစဉ် | ၁၁ |
| ၇။ | ဝေဖန်အကြံပြုတိုင်ကြားချက်များ လက်ခံရရှိမှု အခြေအနေ | ၁၁ |
| ၈။ | ကျား၊ မရေးရာနှင့်လူမှုများဆိုင်ရာများ | ၁၂ |
| ၉။ | ဘဏ္ဍာရေး(ချေးငွေထုတ်ပေးမှုအခြေအနေ) | ၁၂ |
| ၁၀။ | ဝယ်ယူရေးအခြေအနေ | ၁၃ |
| ၁၁။ | သတင်းပြန်ကြားဆက်သွယ်ရေး | ၁၈ |
| ၁၂။ | ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံချက်များ | ၁၈ |
| ၁၃။ | အသိပညာနှင့် လေ့လာသင်ယူခြင်း | ၁၉ |
| ၁၄။ | စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ပေးခြင်း | ၂၀ |
| ၁၅။ | အခက်အခဲနှင့် စိန်ခေါ်မှုများ | ၂၀ |
| ၁၆။ | နောက်သုံးလပတ်အတွင်းဆောင်ရွက်မည့်လုပ်ငန်းစဉ် | ၂၀ |
| ၁၇။ | ပြည်နယ်/တိုင်းနှင့် မြို့နယ်များ၏ သုံးလပတ်အတွင်း ကြုံတွေ့ရသော အခက်အခဲ | ၂၂ |
| ၁၈။ | အထောက်အပံ့လိုအပ်ချက်များ | ၂၄ |
| ၁၉။ | ပြည်နယ်/တိုင်းနှင့် မြို့နယ်များ၏ အကြံပြုချက်များ | ၂၅ |

**စာရင်းဇယားများ၊ ကိန်းဂဏာန်းအချက်အလက်ဖော်ပြမှုများ**


ဇယား ၁: NCDDP စီမံကိန်းလုပ်ငန်းခွဲများအား (၃၁-၁၂-၂၀၂၁) အထိ ကဏ္ဍအလိုက် ခွဲဝေမှုပြဇယား

ဇယား ၂: ရလဒ်MatriX ညွှန်းကိန်းများအကျဉ်းချုပ်

ဇယား ၃: တိုင်းဒေသကြီးရုံးများနှင့် ပြည်နယ်ရုံးများအလိုက် ဝန်ထမ်းများခန့်ထား/ဖွဲ့စည်းမှုများ၏ အခြေအနေ

ဇယား ၄: လက်ခံရရှိခဲ့သည့် အကြံပြုတိုင်ကြားချက်များအား မြို့နယ်နှင့်အမျိုးအစားအလိုက် ခွဲခြားတင်ပြမှု

ဇယား ၅: ထပ်မံလက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများ၊ သုံးလအတွင်း လက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများနှင့် တုံ့ပြန်ဖြေရှင်းမှုများ၏ အခြေအနေတင်ပြမှု

ဇယား ၆: သုံးလအတွင်း လက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများနှင့် တုံ့ပြန်ဖြေရှင်းမှုများ၏ အခြေအနေတင်ပြမှု

ဇယား ၇: သဘာဝအလျောက် မြေယာလှူဒါန်းခြင်း

ဇယား ၈: ၃၁-၁၂-၂၀၂၁ထိ အသုံးစရိတ်စုစုပေါင်း

ဇယား ၉: ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေပြရလဒ်များ(သတ္တမနှစ်)

ဇယား ၁၀: ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေပြရလဒ်များ(အဌမနှစ်)

## သုံးလပတ် အစီရင်ခံစာ တင်ပြချက်

### စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု

၁။ ပြည်ထောင်စုအဆင့် သုံးလပတ် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာသည် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ မှ ဒီဇင်ဘာလ ၃၁ ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ဖြစ်ပါသည်။ အစီရင်ခံစာတွင်

**(က)** ရလဒ် မူဘောင် နှင့် စီမံကိန်း လုပ်ငန်း အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ခြင်း တိုးတက်မှု

**(ခ)** အကောင် အထည်ဖော်ဆောင်ရန် အခက်အခဲများနှင့် ဘေးအန္တရာယ်များ

**(ဂ)** ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလအထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်း အစီအစဉ်များ ပါဝင်ပါသည်။

၂။ ဆဉ္ဍမနှစ် စီမံကိန်း(၅၄)မြို့နယ်၊ သတ္တမနှစ်စီမံကိန်း(၃၉)မြို့နယ်နှင့် အဋ္ဌမနှစ်စီမံကိန်း မြို့နယ်(၉)မြို့နယ် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြို့နယ်တို့၏ လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုတို့အား အောက်ပါအတိုင်း အကျဉ်းချုပ် တင်ပြအပ်ပါသည်-

**ဆဋ္ဌမနှစ် မြို့နယ် ၅၄ မြို့နယ်**

**(က)** **VDP** အစည်းအဝေးသတ်မှတ်ချက် ၁၀၂၇၀ခု ရှိသည့်အနက် ၁၀၂၇၀ခုပြုလုပ်ပြီးစီး၍ ၁၀၀% ပြီးစီးခဲ့ပါသည်။

**(ခ)** စီမံကိန်းလုပ်ငန်းခွဲပေါင်း ၈၈၈၄ ခုအား **TPIC**မှ ၁၀၀**%** အတည်ပြု ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

**(ဂ)** စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ် စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၈၈၈၄ ခု အကောင်အထည်ဖော်ဆောင်ရွက်ပြီး ၁၀၀% ပြီးစီးခဲ့ပါသည်။

(ဃ) လုပ်ငန်းခွဲပေါင်း ၈၈၈၄ ခု အတွက် အပြီးသတ် စစ်ဆေးဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၈၈၈၄ ခုအား လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။

**သတ္တမနှစ် မြို့နယ် ၃၉ မြို့နယ်**

**(က)** **VDP** အစည်းအဝေးသတ်မှတ်ချက် ၆၄၆၈ခု ရှိသည့်အနက် ၆၄၆၈ခုပြုလုပ်ပြီးစီး၍ ၁၀၀% ပြီးစီးခဲ့ပါသည်။

**(ခ)** စီမံကိန်းလုပ်ငန်းခွဲပေါင်း ၅၁၃၈ ခုအား **TPIC**မှ ၁၀၀% အတည်ပြု ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

**(ဂ)** စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ် စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၅၁၃၈ ခု ရှိသည့် အနက် ၅၁၁၈ ခု ပြီးစီး၍ ၉၉.၆၁% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) လုပ်ငန်းခွဲပေါင်း ၅၁၁၈ခု အတွက် အပြီးသတ် စစ်ဆေးဆောင်ရွက်ခြင်း လုပ်ငန်း စဉ်များ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၅၁၁၈ခုအား လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။

**အဌမနှစ် မြို့နယ် ၉ မြို့နယ်**

**(က)** **VDP** အစည်းအဝေးသတ်မှတ်ချက် ၅၂၃ခု ရှိသည့်အနက် ၅၂၃ခု ပြုလုပ်ပြီးစီး၍ ၁၀၀% ပြီးစီးခဲ့ပါသည်။

**(ခ)** စီမံကိန်းလုပ်ငန်းခွဲပေါင်း ၂၈၃ ခုအား **TPIC**မှ ၁၀၀% အတည်ပြု ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

**(ဂ)** စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ် စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၂၈၃ ခု ရှိသည့်အနက် ၂၃၄ ခု ပြီးစီး၍ ၈၂.၆၈% ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) လုပ်ငန်းခွဲပေါင်း ၂၂၉ ခု အတွက် အပြီးသတ် စစ်ဆေးဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၂၁၉ခုအား လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။

၃။ ဆဋ္ဌမနှစ်တွင် စီမံကိန်း လုပ်ငန်းခွဲပေါင်း ၈၈၈၄ခု အကောင်အထည်ဖော် ဆောင်ရွက်သည့်အနက် လုပ်ငန်းခွဲပေါင်း ၈၈၈၄ခု ပြီးစီး၍ ၈၈၈၄ခု လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ သတ္တမနှစ်တွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၅၁၃၈ခု အကောင်အထည်ဖော် ဆောင်ရွက်သည့်အနက် လုပ်ငန်းခွဲပေါင်း ၅၁၁၈ခု ပြီးစီး၍ ၅၁၁၈ခု လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ အဌမနှစ်တွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၂၈၃ခု အကောင်အထည်ဖော် ဆောင်ရွက်သည့်အနက် လုပ်ငန်းခွဲပေါင်း ၂၃၄ခု ပြီးစီး၍ ၂၁၉ခု လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။

၄။ လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား ၁- ဆဋ္ဌမနှစ်အတွင် ဆောင်ရွက်သည့် လုပ်ငန်းခွဲကဏ္ဍအလိုက်များမှာ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ (လမ်း၊ တံတား၊ ဆိပ်ခံတံတား စသည်) တည်ဆောက်မှု ၅၄.၄၃% ၊ ရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေး ၇.၆၄ %၊ ပညာရေး ၁၁.၂၁ % ၊ မီးလင်းရေး ၁၂.၀၆ %၊ အခြားအဆောက်အဦး ၀.၄၆၊ ကျေးရွာအဆောက်အဦ ၉.၇၅ %၊ ကျန်းမာရေး ၀.၂၇ % နှင့် အခြား ၄.၁၈%တို့ ဆောင်ရွက်ခဲ့ပါသည်။

၅။ လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား ၁- သတ္တမနှစ်အတွင် ဆောင်ရွက်သည့် လုပ်ငန်းခွဲကဏ္ဍအလိုက်များမှာ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ (လမ်း၊ တံတား၊ ဆိပ်ခံတံတား စသည်) တည်ဆောက်မှု ၅၂.၈၀% ၊ ရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေး ၆.၆၀ %၊ ပညာရေး ၁၀.၂၂ % ၊ မီးလင်းရေး ၁၄.၃၆ %၊ အခြားအဆောက်အဦး ၀.၄၃၊ ကျေးရွာအဆောက်အဦ ၉.၅၆ %၊ ကျန်းမာရေး ၀.၂၅ % နှင့် အခြား ၅.၇၈%တို့ ဆောင်ရွက်ခဲ့ပါသည်။

၆။ လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား ၁- အဌမနှစ်အတွင် ဆောင်ရွက်သည့် လုပ်ငန်းခွဲကဏ္ဍအလိုက်များမှာ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ (လမ်း၊ တံတား၊ ဆိပ်ခံတံတား စသည်) တည်ဆောက်မှု ၅၄.၇၇% ၊ ရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေး ၄.၉၅ %၊ ပညာရေး ၉.၅၄ % ၊

မီးလင်းရေး ၆.၇၁ %၊ အခြားအဆောက်အဦး ၀.၇၁၊ ကျေးရွာအဆောက်အဦ ၂၀.၈၅ %၊ ကျန်းမာရေး ၀.၇၁ % နှင့် အခြား ၁.၇၇%တို့ ဆောင်ရွက်ခဲ့ပါသည်။

## NCDDP စီမံကိန်း နှစ်အလိုက် အကောင်ထည်ဖော်ဆောင်ရွက်မှုအကျဉ်းချုပ် (၃၁-၁၂-၂၀၂၁)

| စီမံကိန်းဆောင်ရွက်မှုတွင် အရေးပါသော (အရေအတွက်) | ပထမ နှစ် ၂၀၁၃/၁၄ | ဒုတိယ နှစ် ၂၀၁၄/၁၅ | တတိယ နှစ် ၂၁၁၅/၁၆ | စတုတ္ထ နှစ် ၂၀၁၆/၁၇ | ပဥ္စမနှစ် ၂၀၁၇/၁၈ | ဆဋ္ဌမနှစ် ၂၀၁၈/၁၉ | သတ္တမနှစ် ၂၀၁၉/၂၀ | | အဌမနှစ် ၂၀၂၀/၂၁ | | စုစုပေါင်း (ပ-အဌမ) |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | # | ပြီးစီးမှု % | # | ပြီးစီးမှု % | |
| စီမံကိန်းမြို့နယ် | ၃ | ၉ | ၂၇ | ၄၇ | ၆၃ | ၅၄ | ၃၉ | | ၉ | | ၆၃ |
| ကျေးရွာအုပ်စု | ၇၂ | ၃၄၃ | ၁,၂၀၀ | ၂,၀၀၆ | ၂,၅၈၆ | ၂,၃၀၄ | ၁,၄၁၁ | | ၁၀၆ | | ၂,၆၇၇ |
| ကျေးရွာ | ၃၉၀ | ၁,၇၀၃ | ၅,၃၇၉ | ၈,၄၆၀ | ၁၁,၅၄၂ | ၁၀,၂၇၃ | ၆,၄၆၈ | | ၅၂၃ | | ၁၂,၁၆၃ |
| ရံပုံငွေလွှဲပြောင်းခြင်း | | | | | | | | | | | |
| ကျေးရွာအုပ်စုများ၏ ရံပုံငွေ တောင်းဆိုမှု # | ၇၂ | ၃၄၃ | ၁,၂၀၀ | ၂,၀၀၆ | ၂,၅၈၆ | ၂,၃၀၄ | ၁,၄၁၁ | | ၁၀၆ | | ၂,၆၇၇ |
| ကျေးရွာအုပ်စုများ ရန်ပုံငွေ လက်ခံရရှိမှု # | ၇၂ | ၃၄၃ | ၁,၂၀၀ | ၂,၀၀၆ | ၂,၅၈၆ | ၂,၃၀၄ | ၁,၄၀၈ | | ၁၀၆ | | ၂,၆၇၄ |
| မြန်မာကျပ်(သိန်းပေါင်း) | ၁.၅၆ | ၁၀.၂၃ | ၃၄.၇၅ | ၆၆.၁၁ | ၉၀.၃၇ | ၁၀၁.၁၉ | ၆၇.၄၀ | | ၃.၃၇ | | ၃၇၄.၉၈ |
| **VDP** အစည်းဝေးပြီးစီးမှု | ၃၉၀ | ၁,၇၀၁ | ၅,၂၆၁ | ၈,၂၄၀ | ၁၁,၅၂၄ | ၁၀,၂၇၀ | ၆,၄၆၈ | | ၅၂၃ | | ၄၄,၃၇၇ |
| **TPIC** အတည်ပြုချက်ရရှိမှု | ၃၅၇ | ၁,၈၀၈ | ၄,၇၃၄ | ၇,၆၈၂ | ၉,၀၉၈ | ၈,၈၈၄ | ၅,၁၃၈ | | ၂၈၃ | | ၃၇,၉၈၄ |
| အသေးစိတ် စီမံချက် ချမှတ်ခြင်း ပြီးစီးမှု | ၃၅၇ | ၁,၈၀၈ | ၄,၇၃၄ | ၇,၆၈၂ | ၉,၀၉၈ | ၈,၈၈၄ | ၅,၁၃၈ | | ၂၈၃ | | ၃၇,၉၈၄ |
| တည်ဆောက်ရေးစီမံကိန်းခွဲ | ၃၅၇ | ၁,၈၀၈ | ၄,၇၃၄ | ၇,၆၈၂ | ၉,၀၉၈ | ၈,၈၈၄ | ၅,၁၃၀ | | ၂၈၃ | | ၃၇,၉၇၆ |
| ၀ % | | | | | ၀ | ၀ | ၈ | ၀.၁၆ | ၀ | | ၈ |
| ၁%၅၀- | | | | | ၀ | ၀ | ၆ | ၀.၁၂ | ၅ | ၁.၇၇ | ၁၁ |
| ၅၁%၇၅- | | | | | ၀ | ၀ | ၅ | ၀.၁၀ | ၁၂ | ၄.၂၄ | ၁၇ |
| ၇၆%၉၀- | | | | | ၀ | ၀ | ၁ | ၀.၀၂ | ၃၂ | ၁၁.၃၁ | ၃၃ |
| ၁၀၀% | ၃၅၇ | ၁,၈၀၈ | ၄,၇၃၄ | ၇,၆၈၂ | ၉,၀၉၈ | ၈,၈၈၄ | ၅,၁၁၈ | ၉၉.၆၀ | ၂၃၄ | ၈၂.၆၈ | ၃၇,၉၁၅ |
| ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှု | ၃၅၇ | ၁,၈၀၈ | ၄,၇၃၄ | ၇,၆၈၂ | ၉,၀၉၈ | ၈,၈၈၄ | ၅,၁၁၈ | ၉၉.၆၁ | ၂၂၉ | ၈၀.၉၂ | ၃၇,၉၁၀ |
| **Social Audits** ပြီးစီးမှု | ၃၅၇ | ၁,၈၀၈ | ၄,၇၃၄ | ၇၆၈၂ | ၉၀၉၈ | ၈,၈၈၄ | ၅,၁၁၈ | ၉၉.၆၁ | ၂၁၉ | ၇၇.၃၈ | ၃၇,၉၀၀ |
| မြို့နယ်အဆင့် **MSRs** ပြီးစီးမှု | ၃ | ၉ | ၂၆ | ၄၇ | ၆၀ | ၅၃ | | | | | ၁၉၈ |
| **Union** အဆင့် **MSRs** ပြီးစီးမှု | ၁ | ၁ | ၁ | ၁ | ၁ | ၁ | | | | | ၆ |

၇။ ယခုသုံးလပတ်အတွင်း ဆဋ္ဌမနှစ်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလအတွင်း လုပ်ငန်းခွဲပေါင်း (၁၀၀%) (၈၈၈၄)ခု ပြီးစီး၍ လုပ်ငန်းခွဲပေါင်း (၈၈၈၄)ခု အတွက် လူထု စစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။

၈။ သတ္တမနှစ်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလအတွင်း လုပ်ငန်းခွဲပေါင်း(၁၀၀%) (၅၁၁၈)ခု ပြီးစီး၍ လုပ်ငန်းခွဲပေါင်း (၅၁၁၈)ခု အတွက် လူထုစစ်ဆေးပွဲပြု လုပ်နိုင်ခဲ့ပါသည်။ ကျန်ရှိနေသော လုပ်ငန်းခွဲများအား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၉။ အဌမနှစ်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကာလအတွင်း လုပ်ငန်းခွဲပေါင်း(၁၀၀%) (၂၃၄)ခု ပြီးစီး၍ လုပ်ငန်းခွဲပေါင်း (၂၁၉)ခုအတွက် လူထုစစ်ဆေးပွဲ ပြုလုပ်နိုင်ခဲ့ပါသည်။ ကျန်ရှိနေသော လုပ်ငန်းခွဲများအား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**အစီရင်ခံထားသော ပြဿနာများ/ကိစ္စရပ်များနှင့် အထောက်အပံ့လိုအပ်ချက်များ**

၁၀။ စီမံကိန်းမြို့နယ်မှ တင်ပြလာသော အခက်အခဲများနှင့် ပံ့ပိုးပေးရန် လိုအပ်ချက်များ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရာတွင် တွေ့ရှိရသော အခက်အခဲများအား အောက်ပါအတိုင်း အကျဉ်းချုပ် တင်ပြအပ်ပါသည်-

(က) ဘဏ်မှ ငွေထုတ်ပေးမှု ကန့်သတ်ချက်ကြောင့် ပစ္စည်းများ အချိန်မီ ဝယ်ယူရန်ခက်ခဲခြင်း။(ပုဏ္ဏားကျွန်း)

(ခ) ဆိုင်ကယ်အပိုပစ္စည်းများ ဝယ်ယူရန် ခက်ခဲခြင်း။ (မိုင်းခတ်၊ ကျိုင်းတုံ၊ တာချီလိတ်မြို့များတွင် ဝယ်ယူ၍ မရ)၊ ဖုန်းလိုင်းများ၊ အင်တာနက်လိုင်းများ မကြာခဏပြတ်တောက်ခြင်းအတွက် အခတ်အခဲရှိခြင်း၊ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်း သွားလာလွယ်ကူစေရန်အတွက် စီမံကိန်းသုံး မော်တော် ယာဉ်(၁)စီး ပြန်လည်ချထားပေးပါရန်နှင့် ယာဉ်မောင်းဝန်ထမ်း(၁)ဦး ငှားရမ်းခန့်ထားခွင့် ပြုနိုင်ပါရန် တင်ပြခြင်း။

**သင်တန်းပို့ချမှု အခြေအနေ**

(က) **ပြည်ထောင်စုအဆင့် သင်တန်း။** ယခုသုံးလပတ်အတွင်း ပြည်ထောင်စုအဆင့်မှ သင်တန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။

( ခ) **မြို့နယ်အဆင့် သင်တန်း။** သုံးလပတ်အတွင်း မြို့နယ်များနှင့် သင်တန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။

( ဂ) **ကျေးရွာအဆင့် သင်တန်း။** သုံးလပတ်အတွင်း ကျေးရွာအဆင့် သင်တန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။

(ဃ) **40 K/15 K သင်တန်းများ။** ယခု သုံးလပတ်အတွင်း 40 K / 15 K သင်တန်းများ ပို့ချနိုင်ခဲ့ခြင်းမရှိပါ။

**စောင့်ကြည့်အကဲဖြတ်ခြင်းနှင့်သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း**

၁၁။ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသော မြို့နယ်များနှင့် လိုအပ်သည်များကို ချိတ်ဆက်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်း ပြီးစီးသော မြို့နယ်များ၏ လုပ်ငန်းအပြီးသတ် အစီရင်ခံစာများ စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။ သတ္တမနှစ် စီမံကိန်း(၁)မြို့နယ်နှင့် အဌမနှစ် စီမကိန်း (၈)မြို့နယ် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသော(တွန်းဇံ၊ မဘိမ်း၊ ရွှေကူ၊ ပူတာအို၊ ရွှေကျင်၊ ဂွ၊ ပုဏ္ဏားကျွန်း၊ မောက်မယ်နှင့် မိုင်းခတ်) မြို့နယ်(၉)မြို့နယ်အား **MIS**နှင့် ပတ်သက်သော မွမ်းမံသင်တန်းများ ဆောင်ရွက်ပြီး ဖြစ်ပါသည်။ အပတ်စဉ် မြို့နယ်များ၏ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာများအား လစဉ်ပုံမှန် စစ်ဆေး ဆောင်ရွက်ခဲ့ပါသည်။

၁၂။ ဤ ကာလအတွင်းတွင် **GIS**/**MIS**နှင့် ပတ်သက်၍ လိုအပ်ချက်ရှိသော အချက်အလက်များ ထုတ်ပေးခြင်း၊ မြို့နယ်များမှ လိုအပ်သော **GIS/MIS** နှင့် ပတ်သက်သော အခက်အခဲများအား ကူညီပံ့ပိုးပေးခဲ့ပါသည်။ တချို့ ပြည်နယ်/တိုင်းရုံးများအနေဖြင့် သုံးလပတ်အစီရင်ခံစာအား အချိန်မှီ ပေးပို့ခြင်း မရှိကြပါသည်။

**စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် အချက်အလက်များစီမံခန့်ခွဲခြင်း**

| သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု | သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ |
|---|---|
| **MIS**<br>• သတ္တမနှစ် စီမံကိန်း လုပ်ငန်း ပြီးစီး၍ ကျန်ရှိသော မြို့နယ်များမှ M&E/MIS စနစ်သို့ အချက်အလက် ဖြည့်သွင်း ထားသည်များကို ကြီးကြပ်/စစ်ဆေး ဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ပါသည်။<br>• အပတ်စဉ် လုပ်ငန်းတိုးတက်မှုများ စစ်ဆေးပြီး လစဉ် အစီရင်ခံစာများ ပြုစုတင်ပြခဲ့ပါသည်။<br>• အဌမနှစ် စီမကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော(တွန်းဇံ၊ မဘိမ်း၊ ရွှေကူ၊ ပူတာအို၊ ရွှေကျင်၊ မောက်မယ်၊ မိုင်းခတ်၊ ပုဏ္ဏားကျွန်းနှင့် ဂွ ) မြို့နယ် (၉) မြို့နယ်အား Video Conferencing ဖြင့် M&Eနှင့် ပတ်သက်သော မွမ်းမံသင်တန်းအား ပို့ချဆောင်ရွက်ပြီး ဖြစ်ပါသည်။ | **MIS**<br>• စစီမံကိန်းပြီးသော မြို့နယ်များ၏ လုပ်ငန်း အပြီးသတ်အစီရင်ခံစာများ စစ်ဆေးဆောင် ရွက်သွားမည် ဖြစ်ပါသည်။<br>• သတင်းအချက်အလက်များ၊ တိုးတက်မှုများ အချိန်မီ ရရှိစေရန် မြို့နယ်၊ ပြည်နယ် /တိုင်းများမှ တာဝန်ရှိသူများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။<br>• အပတ်စဉ် လုပ်ငန်းတိုးတက်မှုများ စစ်ဆေးပြီး လစဉ် အစီရင်ခံစာများ ပြုစုတင်ပြသွားမည် ဖြစ်ပါသည်။ |
| **GIS**<br>မြို့နယ်များနှင့် ချိတ်ဆက်ပြီး **MIS**အချိန်နှင့် တပြေးညီအချက်အလက် **(PC 8)** နှင့် **GIS dashboard** | **GIS**<br>• **MIS**အချိန်နှင့်တပြေး ညီအချက်အလက် **(PC 8)** နှင့် **GIS dashboard** အချက်အလက်များ တူညီမှု ရှိစေရန် အချက်အလက်များ ပုံမှန် စစ်ဆေးရန်။ |

| | |
|---|---|
| အချက်အလက်အကြား ကွာဟချက်များအားလုံး အချိန် နှင့်တပြေးညီ စီစစ်ပြီး ဆောင်ရွက်ခဲ့ပါသည်။<br>**အစီရင်ခံခြင်း**<br>• နှစ်ပတ်လည်အစီရင်ခံစာအား www.cdd.drdmyanmar.org တွင် တင်ထားပြီး ဖြစ်ပါသည်။ | |

## အခြေခံအဆောက်အဦနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များ

### ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များလိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်း

၁၃။ Conflict area များဖြစ်သော မြို့နယ်များတွင် လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**(က) လှိုင်းဘွဲ့မြို့နယ်**

လှိုင်းဘွဲ့မြို့နယ်တွင် Conflict area ရှိ ကျေးရွာအုပ်စု (၈) အုပ်စု၊ ကျေးရွာ (၁၃)ရွာမှာ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင် ရွက်ပြီးဖြစ်ပြီး လုပ်ငန်းများ စတင် အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။

**( ခ) ဖားဆောင်း+ဘော်လခဲမြို့နယ်**

ဖားဆောင်းမြို့နယ်တွင် EAO များမှ ပြန်လည်ဆောင်ရွက်ခွင့်ပြုထားပြီးနောက် လုပ်ငန်း စတင်ဆောင်ရွက်ခဲ့သည့် ကျေးရွာအုပ်စု (၅)အုပ်စုနှင့် ဘော်လခဲမြို့နယ်၏ တတိယနှစ်စက်ဝန်းတွင် တိုးလာသည့် ကျေးရွာအုပ်စု(၁)အုပ်စု စုစုပေါင်း ကျေးရွာ အုပ်စု(၆)အုပ်စုတွင် လုပ်ငန်းခွဲပေါင်း(၁၂)ခု ဆောင်ရွက်ခဲ့သည့်အနက် လုပ်ငန်းခွဲ (၃)ခုမှာ (၁၀၀%)ပြီးစီးပြီး ဖြစ်ပါသည်။ ဆောင်ရွက်ဆဲလုပ်ငန်းခွဲ(၂)ခုနှင့် (၀%) လုပ် ငန်းခွဲ(၇)ခုမှာ မြေပြင်အခြေအနေအရ ရပ်ဆိုင်းခဲ့ရပြီး ယခုသုံးလပတ်အတွင်း လုပ်ငန်း ခွဲ အကောင်အထည်ဖော်မှုအား ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။

**(ဂ) ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်တွင် စီမံကိန်းဆောင်ရွက်ရန် ကျေးရွာအုပ်စု (၉)အုပ်စု၊ ကျေးရွာ (၁၇) ရွာ ကျန်ရှိပါသည်။ (ရွာတည်စဉ်က မြေရာကိစ္စ Issue များအတွက် KNU မှ ဆိုင်းငံ့ထားခြင်း)

(ဃ) **ရွှေကျင်မြို့နယ်**

ရွှေကျင်မြို့နယ်တွင် စီမံကိန်းဆောင်ရွက်ရန် ကျေးရွာအုပ်စု (၁)အုပ်စု၊ ကျေးရွာ(၉)ရွာ ကျန်ရှိ ပါသည်။ ယခုအခါ ကျေးရွာအုပ်စု (၇)အုပ်စု၊ ကျေးရွာ(၁၂)ရွာအား KNUမှ ဆိုင်းငံ့ထားပါသည်။ (KNU ၎င်းတို့၏ Deep control Area များတွင် ရှိခြင်း)

(င) **ပုဏ္ဏားကျွန်းမြို့နယ်**

ပုဏ္ဏားကျွန်းမြို့နယ်သည် ဒုတိယနှစ်စက်ဝန်းတွင် နယ်မြေ အေးချမ်းသော ကျေးရွာ အုပ်စု **(၆၉)**အုပ်စု၊ ကျေးရွာ(၁၂၇)ရွာတွင် စီမံကိန်း လုပ်ငန်းခွဲပေါင်း **(၁၇၀)**ခုကို အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။ တတိယနှစ်စက်ဝန်းတွင် ကျေးရွာအုပ်စု (၅)အုပ်စု၊ ကျေးရွာ (၅)ရွာတွင် လုပ်ငန်းခွဲပေါင်း (၅)ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါသည်။

## ဆန္ဒအလျောက်ထည့်ဝင်လှူဒါန်းခြင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်

၁၄။ ဆန္ဒအလျောက် မြေယာလှူဒါန်းမှု လိုအပ်သည့် လုပ်ငန်းခွဲ အရေအတွက်မှာ ဆဋ္ဌမနှစ်(၈၀၉)ခု၊ သတ္တမနှစ်(၄၄၃)နှင့် အဋ္ဌမနှစ်(၁၈)ခု စုစုပေါင်း(၁၂၇၀)ခု ရှိပါသည်။ မြို့နယ်အလိုက် အသေးစိတ် အချက်အလက်များအား **ဇယား(၇)**ဖြင့် ဖော်ပြထားပါသည်။

## ဝေဖန်အကြံပြုတိုင်ကြားချက်များလက်ခံရရှိမှုအခြေအနေ

၁၅။ ၂၀၂၂ ခုနှစ် စတုတ္ထသုံးလပတ်တွင် ဝေဖန်အကြံပြုတိုင်ကြားစာပေါင်း ၄၃ ခု လက်ခံရရှိပြီး အကြံပြုစာ ၄၃ စောင် (၁၀၀%) သည် **"core grievances" (**စီမံကိန်းမူဝါဒ၊ လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများအား ချိုးဖောက်ခြင်း၊ သဘောတူစာချုပ် ချိုးဖောက်ခြင်း၊ ရန်ပုံငွေအလွဲသုံးစားပြုခြင်း၊ မသင့်လျော်သော ဝင်ရောက်စွက်ဖက်မှု(လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း)များဖြစ်သည်။ **(၃၁-၁၂-၂၀၂၂)** ရက်နေ့အထိ ၄၃(၁၀၀ % **)**ဆောင်ကို ဖြေရှင်းဆောင်ရွက်ပြီး ဖြစ်ပါသည်။ **(**ဇယား- ၅,၆**)** ၂၀၁၄ ခုနှစ် ဇူလိုင်မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလထိ ဝေဖန်အကြံပြုစာစုစုပေါင်း ၃၀၀၉၈ စောင် လက်ခံရရှိပြီး ၃၀၀၉၈ **(**၁၀၀ %**)** ခုအားဖြေရှင်း ဆောင်ရွက်ပြီးဖြစ်ပါသည်။

## သုံးလပတ်အတွင်းဝေဖန်အကြံပြုတိုင်ကြားစာများအား စိစစ်ခြင်း

၁၆။ ဝေဖန်အကြံပြုတိုင်ကြားစာများကို ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင် ၂**(**၄.၆**%)** စောင်၊ မြို့နယ်အဆင့်တွင် ၃၉**(**၉၀.၆**%)**စောင် နှင့် ရုံးချုပ်အဆင့်တွင် ၂(၄.၆)စောင် လက်ခံရရှိခဲ့ပါသည်။ ဝေဖန်အကြံပြုတိုင်ကြားစာ ပေးပို့မှုတွင် အမျိုးသားများမှ ၁၀**(**၂၃.၂**%)**စောင်၊ အမျိုးသမီးများမှ ၁၁ **(**၂၅.၆**%)**နှင့် ကျား**/**မ မဖော်ပြထားသော ဝေဖန်အကြံပြုစာစောင် ၂၁(၄၈.၈**%)** စောင် လက်ခံရရှိခဲ့ပါသည်။ ဝေဖန်အကြံပြုတိုင်ကြားစာများကို အကြံပြုစာတိုက်ပုံးမှ ၃၅**(**၈၁.၃**%)**စောင်၊ ကျေးရွာ

လူထုအစည်းအဝေး ၁(၂.၃**%)**စောင်၊ **E-mail**ဖြင့် ၂(၄.၆**%**)၊ တယ်လီဖုန်းဖြင့် ၄(၉.၃**%)**စောင်နှင့် အခြား ၁(၂.၃**%**)စောင် လက်ခံရရှိခဲ့ပါသည်။ ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့်တွင် ၄၁(၉၅.၅**)**စောင် နှင့် မြို့နယ်အဆင့်တွင် ၃(၆.၉**%)**စောင် ဖြစ်ပွားခဲ့ပါသည်။

## ဖြေရှင်းဆောင်ရွက်သည့်အချိန်ကာလ

၁၇။ သုံးလပတ်အတွင်း ဝေဖန်အကြံပြုတိုင်ကြားရေးအတွက် ပျမ်းမျှကြာချိန်သည် (၂၁) ရက်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်အမျိုးအစားများအတွက် အများဆုံး (၆) ရက်၊ ကျေးဇူးတင်လွှာအတွက် အများဆုံး (၂၁) ရက်၊ ပရောဂျက်မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များဆိုင်ရာ အထွေထွေစုံစမ်းမေးမြန်းမှုများအတွက် အများဆုံး (၁) ရက်၊ အကြံပြုချက်အတွက် အများဆုံး (၁၂) ရက်နှင့် ပရောဂျက်မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ချိုးဖောက်မှုအတွက် အများဆုံး(၂၁) ရက် ကြာမြင့်ခဲ့ပါသည်။

## ကျားမရေးရာနှင့်လူမှုဆိုင်ရာများ

၁၈။ ယခင်က ဆုံးဖြတ်ချက်ချရာတွင် အမျိုးသားများကသာ ဦးဆောင်ခဲ့ပြီး ယခုအခါ အမျိုးသမီးများ ပါဝင် ဆုံးဖြတ်နိုင်ခွင့်ရခဲ့သည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများသည် စီမံကိန်း လုပ်ငန်းခွဲများတွင် အကြံပေးခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်း အခန်းကဏ္ဍများတွင် ပါဝင်ခွင့်ရခဲ့ပြီး ခေါင်းဆောင်ကောင်း စိတ်ဓာတ်လည်းရှိလာကြပြီး ဦးဆောင်နိုင်လာကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီးများသည် စီမံကိန်းလုပ်ငန်းခွဲများ လုပ်ဆောင်ရာတွင်လည်း တတ်တတ်ကြွကြွ ပါဝင်ဆောင်ရွက်ကြသည်ကို တွေ့ရပါသည်။

၁၉။ "မောက်မယ်မြို့နယ်၊ တိညုကျေးရွာတွင် နေထိုင်သော မနန်းခမ်းအောင် (စောင့်ကြည့်ကော်မတီ) သည် စတုတ္ထနှစ်စက်ဝန်း စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ဆောင် ရွက်ချိန်တွင် လုပ်ငန်းများကို (စ၊ လယ်၊ ဆုံး)အထိစောင့်ကြည့်ကြီးကြပ်ပြီး သူမကိုယ်တိုင်ပါဝင် ဦးဆောင်လုပ်ကိုင်ဆောင်ရွက်နေပါသည်။ သူမသည်(၂)နှစ်အရွယ် ကလေးရှိသော်လည်း စီမံကိန်း လုပ်ငန်းခွဲတွင် ဦးဆောင်လုပ်ကိုင်နိုင်သည်။ သူမသည် စောင့်ကြည့် ပေးရုံသာမက ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ဆောင်ကာ ကျေးရွာရှိ အမျိုးသမီးများကိုလည်း လုပ်ငန်းတွင် ဝင်ရောက် ပါဝင်အောင် အမြဲတမ်းလက်တွဲခေါ်နေသူတစ်ဦးလည်းဖြစ်ပါသည်။ တိညုကျေးရွာရှိ အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုတက်ကြွစွာ ပါဝင်လာသည်ကို တွေ့ရပါသည်။"

## ဘဏ္ဍာရေး (ချေးငွေထုတ်ပေးမှုအခြေအနေ)

၂၀။ ယခုသုံးလပတ်အတွင်း ကျေးရွာအုပ်စု (၂၃)အုပ်စုအတွက် block grants စုစုပေါင်း မြန်မာငွေကျပ် ၈၄၅ မီလီယံအား ထုတ်ပေးပြီး ဖြစ်ပါသည်။ IDA-Loan မှ Block grants များ ထောက်ပံ့ပေးခြင်း ဖြစ်ပါသည်။

**ဘတ်ဂျက်**

၂၁။ ယခုနှစ်အတွက် ဘတ်ဂျတ်အား တောင်းခံထားခြင်း မရှိပါ။ မူလခွင့်ပြုထားသော (၆)လ အတွက် စုစုပေါင်း Budget မှာ မြန်မာငွေကျပ် (၁၂,၆၉၈,၅၇၁,၃၀၀/-)ဖြစ်ပါသည်။

**အီတလီ Soft Loan**

၂၂။ သုံးလပတ်အတွင်း အီတလီရန်ပုံငွေမှ ငွေပေးချေလွှဲအပ်ခြင်း မရှိပါ။

**စာရင်းစစ်ဆေးခြင်း**

၂၃။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် စာရင်းစစ်အစီရင်ခံစာကို အင်္ဂလိပ်ဘာသာဖြင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ လက်ခံရရှိပြီး ကမ္ဘာ့ဘဏ်သို့ ပေးပို့မည်ဖြစ်သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ပေးပို့ခဲ့ သည်။

**ဝယ်ယူရေး အခြေအနေ**

၂၄။ ပဉ္စမနှစ် (၁၆) မြို့နယ်ရှိ အကြံပေးအဖွဲ့များနှင့် ဆဋ္ဌမနှစ် (၁၃) မြို့နယ်အနက် အကြံပေး အဖွဲ့(၇)ဖွဲ့နှင့် ချုပ်ဆိုထားသော စာချုပ်များအား လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းအလိုက် ငွေပေးချေမှု ဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်နှင့် ပဉ္စမနှစ် (၁၆) မြို့နယ်ရှိ ဆက်လက် ဆောင်ရွက်မည့် မြို့နယ်များအတွက် လိုအပ်သည့် အကြံပေးဝန်ထမ်းများ၊ Infraများ၊ CF နှင့် TF များ အား ခန့်အပ်သွားနိုင်ရန် ဆောင်ရွက်လျှက် ရှိပါသည်။

၂၅။ စီမံကိန်းပြီးဆုံးသွားသည့် မြို့နယ်များရှိ ခွဲဝေချထားခဲ့ပြီး ရုံးပုံသေပိုင်ပစ္စည်းများကို လုပ်ထုံး လုပ်နည်း နှင့်အညီ ပြန်လည်အပ်နှံခြင်း၊ ပြုပြင်ခြင်း၊ ခွဲဝေချထားခြင်းတို့ကို ဆက်လက်ဆောင်ရွက် လျှက် ရှိပါသည်။ စီမံကိန်းလုပ်ငန်းသုံး မော်တော်ဆိုင်ကယ်များ လိုင်စင်သက်တမ်းတိုးခြင်း ဆောင် ရွက်ပြီးစီးပြီး ဖြစ်ပါသည်။

**ဝယ်ယူရေးအစီအစဉ်**

၂၆။ အစီရင်ခံသည့်ကာလအတွင်းတွင် ကုန်ပစ္စည်းများဝယ်ယူခြင်းလုပ်ငန်းပိုင်းမှ အောက်ဖော် ပြပါ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်-

(က) ရှမ်းပြည်နယ်(တောင်ပိုင်း) လူထုဗဟိုပြုစီမံကိန်းရုံးအတွက် ခွဲဝေချထားပေးသည့် Samsung Galaxy J7 အမျိုးအစား Phone Handset (၁)လုံး ပျောက်ဆုံးမှုအား (၈-၁၀-၂၀၂၁) ရက်နေ့တွင် ပေးလျော်ပြီးဖြစ်ပါသည်။

(ခ) ကနီမြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံး လုပ်ငန်းသုံးမော်တော် ဆိုင်ကယ်ပြင်ဆင်စရိတ် ထုတ်ယူခွင့်ပြုပါရန် တင်ပြလာခြင်းအား (၅-၁၀-၂၀၂၁) ရက်နေ့တွင် ထုတ်ယူခွင့် ပြုကြောင်း **e-mail** ဖြင့် အကြောင်းကြားပြီး ဖြစ်ပါသည်။

(ဂ) သဲကုန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး စီမံကိန်း ဆိုင်ကယ်(ဖ၁ယ/၃၄၃၂၂) ပျောက် ဆုံးမှုအား (၃၀.၁၁.၂၀၂၁) ရက်နေ့တွင် အသုံးပြုသူ ကာယကံရှင်မှ တစ်လုံးတစ်ခဲ တည်း ပေးလျော်ပြီးဖြစ်ပါသည်။ စီမံကိန်းရုံးမှ စီမံကိန်းသုံးမော်တော်ဆိုင်ကယ် TVS 110cc (၃၅) စီးနှင့် Honda 125cc (၁) စီးအား ပြင်ဆင်ခွင့်ပြုပါရန်တင်ပြလာမှုအား (၃.၁၂.၂၀၂၁) ရက်နေ့တွင် စာအမှတ် (၆၉၆) ဖြင့် အကြောင်းကြားပြီး ဖြစ်ပါသည်။

(ဃ) အင်္ဂပူမြို့နယ်မှ လူထုဗဟိုပြုစီမံကိန်းရုံးမှ စီမံကိန်းသုံးမော်တော်ဆိုင်ကယ် (၁၂၈) စီး လိုင်စင်သက်တမ်းတိုးခွင့်ပြုပါရန် တင်ပြလာခြင်းအား (၈-၁၀-၂၀၂၁) ရက်နေ့တွင် စာအမှတ် (၄၈၉) နှင့် ခွင့်ပြုကြောင်း အကြောင်းကြားပြီး ဖြစ်ပါသည်။

(င) ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူထုဗဟိုပြုစီမံကိန်းရုံးမှ Acer Laptop (၂) လုံး ပြင်ဆင် ခွင့်ပြုပါရန် တင်ပြလာခြင်းအား (၁၂-၁၀-၂၀၂၁) နှင့် စီမံကိန်းသုံးမော်တော်ယာဉ် အမှတ် (4Q/5058) ၏ ကားတာယာလဲလှယ်ခွင့်ပြုပါရန် တင်ပြလာခြင်းအား (၁၂-၁၀-၂၀၂၁) ရက်နေ့တွင် စာအမှတ် (၄၉၆) ရက်နေ့ email ဖြင့် အကြောင်းကြားပြီး ဖြစ်ပါ သည်။

(စ) ဓနုဖြူမြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးမှ စီမံကိန်းသုံးမော်တော်ဆိုင်ကယ်(၁၀၀)စီးအား လိုင်စင်သက်တမ်းတိုးခွင့်ပြုပါရန် တင်ပြလာခြင်းအား (၁၃-၁၀-၂၀၂၁) ရက်နေ့တွင် စာအမှတ် (၄၉၉) ဖြင့် ခွင့်ပြုကြောင်း အကြောင်းကြားပြီး ဖြစ်ပါသည်။

(ဆ) ရှမ်းပြည်နယ်(တောင်ပိုင်း)လက်အောက်ရှိ ဆီဆိုင်မြို့နယ် လူထုဗဟိုပြု စီမံကိန်း လုပ်ငန်းသုံး Silicon Power Hard Disk (၁) လုံး ပျောက်ဆုံးမှုအား (၂၇.၁၀.၂၀၂၁) ရက်နေ့တွင် တစ်လုံးတစ်ခဲတည်း ပေးလျော်ပြီးဖြစ်ပါသည်။

(ဈ) ရှမ်းပြည်နယ်(မြောက်ပိုင်း)လူထုဗဟိုပြုစီမံကိန်းမော်တော်ယာဉ် နယ်မြေကျော်လွန် သုံးစွဲခွင့်ပြုပါရန် တင်ပြလာခြင်းအား (၁၈-၁၀-၂၀၂၁) ရက်နေ့တွင် ခွင့်ပြုကြောင်း အကြောင်းကြားပြီး ဖြစ်ပါသည်။

(ည) ဓနုဖြူမြို့နယ် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းသုံး Printer & UPSအား ပြင်ဆင်ခွင့် ပြုပါရန်တင်ပြလာခြင်းအား (၂၅-၁၀-၂၀၂၁) ရက်နေ့တွင် ခွင့်ပြုကြောင်း အကြောင်း ကြားပြီး ဖြစ်ပါသည်။ Color Printer (၁) လုံး လိုအပ်မှုအားတင်ပြလာခြင်းအား (၉-၁၁-၂၀၂၁) ရက်နေ့တွင် ဈေးနှုန်းစုံစမ်း၍ ပြန်လည်တင်ပြရန် emailဖြင့် အကြောင်းကြား ပြီး ဖြစ်ပါသည်။

(ဌ) တနင်္သာရီတိုင်းဒေသကြီးလူထုဗဟိုပြုစီမံကိန်းလုပ်ငန်းသုံးမော်တော်ယာဉ်(6L/7206) အား ပြင်ဆင်ခွင့်ပြုပါရန် တင်ပြလာခြင်းအား (၂၇-၁၀-၂၀၂၁) ရက်နေ့တွင် စာအမှတ် ၅၃၃ ဖြင့် ခွင့်ပြုကြောင်း အကြောင်းကြားပြီး ဖြစ်ပါသည်။

(ဍ) အင်္ဂပူမြို့နယ်လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းသုံးမီးစက်အား ပြင်ဆင်ခွင့်ပြုပါ ရန်တင်ပြလာခြင်းအား (၂၇-၁၀-၂၀၂၁) ရက်နေ့တွင် email ဖြင့် ခွင့်ပြုကြောင်း အကြောင်းကြားပြီး ဖြစ်ပါသည်။ လက်ထောက်နည်းပညာမှူး ဒေါ်သဲစုလှိုင်နှင့် လူထုစည်းရုံးရေးမှူး ဦးကျော်ခိုင်ဦး အသုံးပြုသည့် Huawei အမျိုးအစား Tablet (၂) လုံး ပျောက်ဆုံးမှုအတွက် ပစ္စည်းတန်ဘိုးအား (၃.၁၁.၂၀၂၁) ရက်နေ့တွင် တစ်လုံးတစ်ခဲတည်း ပြန်လည်ပေးလျော်ပြီးဖြစ်ပါသည်။

(ဎ) ပူတာအိုမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးမှ Huawei Tablet (၁) လုံး ပျက်စီးမှုအား ပြင်ဆင်ခွင့်ပြုပါရန် တင်ပြလာခြင်းအား (၂၈-၁၀-၂၀၂၁) ရက်နေ့တွင် ပြင်ဆင်ခွင့်ပြုကြောင်း email ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။ Tablet (၃)လုံး ပြင်ဆင်ခွင့်ပြုပါရန် တင်ပြလာခြင်းအား ပြင်ဆင်ခြင်းမပြုတော့ဘဲ မြို့နယ်စီမံကိန်းရုံးတွင်သာ သိမ်းဆည်းထားရန်နှင့် လုပ်ငန်းသုံးမော်တော်ဆိုင်ကယ်(၆)စီးအား ပြင်ဆင်ခွင့်ပြုပါရန် တင်ပြလာခြင်းအား (၂၆-၁၁-၂၀၂၁) ရက်နေ့တွင် စာအမှတ် (၆၆၃)ဖြင့် ခွင့်ပြုကြောင်း အကြောင်းကြားပြီး ဖြစ်ပါသည်။

(ဏ) ပုဏ္ဏားကျွန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းသုံး မော်တော်ဆိုင်ကယ် (၅၁) စီးအား အသေးစားပြင်ဆင်ခွင့်ပြုပါရန် တင်ပြလာခြင်းအား (၂၉-၁၀-၂၀၂၁) ရက်နေ့တွင် စာအမှတ်(၅၄၅)နှင့် လုပ်ငန်းသုံး Huawei Tablet (၄)လုံး ပျက်စီးမှုအား နေပြည်တော်သို့ပို့ဆောင်၍ ပြင်ဆင်လိုပါကြောင်း တင်ပြလာခြင်းအား (၈-၁၁-၂၀၂၁) ရက်နေ့တွင် နေပြည်တော်သို့ ပို့ဆောင်၍ ပြင်ဆင်ရန် ခွင့်ပြုကြောင်း email ဖြင့် အကြောင်းကြားပြီး ဖြစ်ပါသည်။ Hard Disk (၂)လုံး ဝယ်ယူခွင့်ပြုပါရန် တင်ပြလာခြင်းအား Hard Disk (၂)လုံးအား ထုတ်ပေးပြီးဖြစ်ပါသည်။

(တ) ချောင်းဆုံမြို့နယ်မှ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းသုံးပစ္စည်းများ (၂၂.၁၁.၂၀၂၁) ရက်နေ့တွင် လည်းကောင်း၊ ပေါင်မြို့နယ်မှ လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းသုံး ပစ္စည်းများအား (၄.၁၁.၂၀၂၁) ရက်နေ့တွင် လည်းကောင်း၊ ဘီးလင်းမြို့နယ်မှ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းသုံးပစ္စည်းများအား (၈.၁၁.၂၀၂၁) လည်းကောင်း ပြန်လည်အပ်နှံပြီး ဖြစ်ပါသည်။

(ထ) ကျွန်းလှမြို့နယ် လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းသုံးမော်တော်ဆိုင်ကယ် (၉) စီးအား ပြင်ဆင်ခွင့်ပြုပါရန် တင်ပြလာခြင်းအား (၂၉-၁၀-၂၀၂၁) ရက်နေ့တွင် စာအမှတ် (၅၅၂) ဖြင့် ခွင့်ပြုကြောင်း အကြောင်းကြားပြီး ဖြစ်ပါသည်။

(ထ) ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူထုဗဟိုပြုစီမံကိန်း မော်တော်ယာဉ်အမှတ် (4Q/ 5058) ၏ထိုင်ခုံ Leather Cushion အစွပ် (၁) စုံ တပ်ဆင်ခွင့်ပြုပါရန် တင်ပြလာခြင်း အား (၂၉-၁၀-၂၀၂၁) ရက်နေ့တွင် စာအမှတ် (၅၅၃) ဖြင့် ခွင့်ပြုကြောင်း အကြောင်း ကြားပြီး ဖြစ်ပါသည်။

(ဒ) သဲကုန်းမြို့နယ် လူထုဗဟိုပြု စီမံကိန်းရုံးစီမံကိန်း ဆိုင်ကယ်(၆၁ဃ/၃၄၃၂၂) ပျောက်ဆုံးမှုအတွက် ပစ္စည်းတန်ဘိုးအား ပေးလျော်ရန် (၂.၁၁.၂၀၂၁) ရက်နေ့တွင် စာအမှတ် (၅၅၈) ဖြင့် အကြောင်းကြားပြီး (၃၀.၁.၂၀၂၁) ရက်နေ့တွင် တစ်လုံးတစ်ခဲတည်း ပြန်လည်ပေးလျော်ပြီးဖြစ်ပါသည်။

(ဓ) ချောင်းဆုံမြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးမှ စီမံကိန်းသုံး ပစ္စည်းများနှင့် ပတ်သက်၍ တင်ပြလာမှုအား (၃.၁၁.၂၀၂၁) ရက်နေ့တွင် စာအမှတ် (၅၆၉) ဖြင့် အကြောင်းကြားပြီး ဖြစ်ပါသည်။

(န) လူထုဗဟိုပြု စီမံကိန်းကာလ ပြီးဆုံးခဲ့သည့် မြို့နယ် (၈) မြို့နယ်ရှိ စီမံကိန်းသုံး မော်တော်ဆိုင်ကယ်များခွဲဝေမှုနှင့် ပတ်သက်၍ (၃.၁၁.၂၀၂၁) ရက်နေ့တွင် စာအမှတ် (၅၇၀) ဖြင့် အကြောင်းကြားခြင်း၊ စီမံကိန်းမြို့နယ်များမှ တင်ပြလာသည့် စာရင်းများအား စိစစ်ပြီးဖြစ်ပြီး လိုအပ်သည်များအား ပြန်လည်တင်ပြရန် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ပ) ရွှေကူမြို့နယ်လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းသုံးColor Printer (၁)လုံး ပြင်ဆင်ခွင့် ပြုပါရန် တင်ပြလာခြင်းအား (၉.၁၁.၂၀၂၁)ရက်နေ့တွင် ပြင်ဆင်စရိတ်ခန့်မှန်းကုန်ကျငွေနှင့် ပြန်လည်တင်ပြရန် ကြောင်းကြားပြီးဖြစ်ပါသည်။ စီမံကိန်းရုံးတွင် လူထုစည်းရုံးရေးမှူး ဒေါ်မြတ်မင်းသူ အသုံးပြုသည့် Huawei အမျိုးအစား Tablet (၁)လုံး ပျောက်ဆုံးမှုအား (၃-၁၂-၂၀၂၁) ရက်နေ့တွင်စာအမှတ်(၆၉၅) ဖြင့် အကြောင်းကြားခဲ့ရာ (၉.၁၂.၂၀၂၁) ရက်နေ့တွင် တစ်လုံးတစ်ခဲတည်း ပြန်လည်ပေးလျော်ပြီးဖြစ်ပါသည်။

(ဖ) မကွေးတိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းရုံးမှ စီမံကိန်းကာလပြီးဆုံးခဲ့သည့် မြို့နယ် (၃) မြို့နယ် အနက်မှ ဆောမြို့နယ်ရှိ မော်တော်ဆိုင်ကယ် (၄၉) စီးအား (၉.၁၁.၂၀၂၁) ရက်နေ့တွင် ရုံးချုပ်သို့ ပြန်လည်အပ်နှံပြီး ဖြစ်ပါသည်။

(ဗ) မောက်မယ်မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးမှ Face Mask နှင့် Hand Gel များ ဝယ်ယူခွင့်ပြုပါရန် တင်ပြလာခြင်းအား (၁၁-၁၁-၂၀၂၁) ရက်နေ့တွင် ခွင့်ပြုကြောင်း email ဖြင့် အကြောင်းကြားပြီး ဖြစ်ပါသည်။

(ဘ) ဆီဆိုင်မြို့နယ်လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းသုံးပစ္စည်းများခွဲဝေခြင်းနှင့် ပတ်သက်၍ တင်ပြလာခြင်းအား (၁၁-၁၁-၂၀၂၁) ရက်နေ့တွင် စာအမှတ် (၅၉၂) ဖြင့် အကြောင်းကြားပြီး ဖြစ်ပါသည်။

(မ) န္တားထိုးကြီးမြို့နယ် လူထုဗဟိုပြု စီမံကိန်းသုံး မော်တော်ဆိုင်ကယ်များ ပြန်လည်အပ်နှံရန် (၁၂.၁၁.၂၀၂၁)ရက်နေ့တွင် စာအမှတ်(၆၀၀) ဖြင့် အကြောင်းကြားခြင်းအပေါ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ ပြန်လည်အပ်နှံပြီး ဖြစ်ပါသည်။

(ယ) မွန်ပြည်နယ် လူထုဗဟိုပြုစီမံကိန်းသုံး မော်တော်ယာဉ်အား ပြင်ဆင်ခွင့်ပြုပါရန် တင်ပြလာခြင်းအား (၂၂-၁၁-၂၀၂၁) ရက်နေ့တွင် ပြင်ဆင်ခွင့်ပြုကြောင်း email ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ရ) ဧရာဝတီတိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းရုံးမှ စီမံကိန်းသုံး Air Con (၁) လုံး ပြင်ဆင်ခွင့်ပြုပါရန် တင်ပြလာခြင်းအား (၂၂-၁၁-၂၀၂၁) ရက်နေ့တွင် ပြင်ဆင်ခွင့်ပြုကြောင်း email ဖြင့် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(လ) မိုင်းခတ်မြို့နယ် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းသုံး TVS 110cc မော်တော်ဆိုင်ကယ် (၇)စီးအား ပြင်ဆင်ခွင့်ပြုပါရန် တင်ပြလာခြင်းအား (၂၄-၁၁-၂၀၂၁) ရက်နေ့တွင် စာအမှတ် (၆၄၉) ဖြင့် ခွင့်ပြုကြောင်း အကြောင်းကြားပြီး ဖြစ်ပါသည်။ လုပ်ငန်းသုံး မော်တော်ဆိုင်ကယ် TVS 110cc (၃၅)စီးနှင့် Honda 125cc (၆)စီး စုစုပေါင်း မော်တော်ဆိုင်ကယ်(၄၁)စီးအား လိုင်စင်သက်တမ်းတိုးခွင့်ပြုပါရန် တင်ပြလာခြင်းအား(၂၂.၁၂.၂၀၂၁)ရက်နေ့တွင် စာအမှတ်(၇၄၉)ဖြင့် ခွင့်ပြုကြောင်း အကြောင်းကြားထားပြီး ဖြစ်ပါသည်။ မော်တော်ယာဉ်(၁)စီး အသုံးပြုခွင့်ချထားပေးပါရန် တင်ပြလာမှုအား (၃၀-၁၂-၂၀၂၁) ရက်နေ့တွင် အစည်းအဝေးဆုံးဖြတ်ချက်အရ ခွင့်မပြုကြောင်း email ဖြင့် အကြောင်းကြားပြီး ဖြစ်ပါသည်။

(ဝ) ရန်ကုန်တိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းသုံး မော်တော်ယာဉ်(2N/5015) အား တာယာ (၂) လုံးလဲလှယ် ခွင့်ပြုပါရန် တင်ပြလာခြင်းအား (၂၅-၁၁-၂၀၂၁) ရက်နေ့တွင် စာအမှတ် (၆၅၉) ဖြင့် ခွင့်ပြုကြောင်း အကြောင်းကြားပြီး ဖြစ်ပါသည်။

(သ) ပဲခူးတိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းသုံး မော်တော်ဆိုင်ကယ် (၅) စီးနှင့် Lenovo Laptop (၁) လုံးပြင်ဆင်ခွင့်ပြုပါရန်နှင့် ငွေစာရင်းခေါင်းစဉ်အလိုက် လိုငွေများ အားတင်ပြတောင်းခံလာခြင်းအား (၂၆-၁၁-၂၀၂၁) ရက်နေ့တွင် စာအမှတ် (၆၆၁) ဖြင့် ခွင့်ပြုကြောင်း အကြောင်းကြားပြီး ဖြစ်ပါသည်။

(ဟ) ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးလက်အောက်ရှိ မြို့နယ်များမှ တင်ပြလာသော လူထုဗဟိုပြုစီမံကိန်းသုံး မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့် ပတ်သက်၍ (၂၆.၁၁.၂၀၂၁) ရက်နေ့တွင် စာအမှတ် (၆၆၂) နှင့်

အကြောင်းကြားခြင်း၊ စာရင်းများအား စိစစ်ပြီး ဖြစ်ပြီး လိုအပ်သည်များအား ပြန်လည်တင်ပြရန် အကြောင်းကြားထားပြီး ဖြစ်ပါသည်။

**သတင်းပြန်ကြားဆက်သွယ်ရေး**

၂၇။ စီမံကိန်းသတင်းများကို လူမှုမီဒီယာနှင့်ဝက်ဘ်ဆိုက်ဒ်၊ မီဒီယာများတွင် သတင်းထုတ်ပြန်ခြင်းနှင့် စီမံကိန်းမြို့နယ်များ၏ လုပ်ငန်းအား စောင့်ကြည့်ကြီးကြပ်ခြင်းများ ဆောင်ရွက်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံချက်များ(VDP)**

၂၈။ Y-7 စီမံကိန်းစက်ဝန်း အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသည့် မြို့နယ်(၃၉)မှာ VDP စာအုပ်များ Upload ပြုလုပ်နေပြီး (၃၈) မြို့နယ် မှာ MIS website သို့(၁၀၀%) တင်သွင်းပြီးဖြစ်ပါသည်။ Y-8 စီမံကိန်းစက်ဝန်း အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသည့် မြို့နယ်(၉)မှာ VDP စာအုပ်များ Upload ပြုလုပ်နေပြီး (၆) မြို့နယ် မှာ MIS website သို့(၁၀၀%) တင်သွင်းပြီးဖြစ်ပါသည်။ တင်သွင်းရန် ကျန်ရှိနေသည့် မြို့နယ်များမှလည်း ဆက်လျက်ဆောင်ရွက်လျှက်ရှိပါသည်။

# မြို့နယ်၏ VDPစာအုပ်များ Y-7 Websiteတွင် တင်ထားမှုအခြေအနေ

| Sr | Township | VDP Total | Upload on Website | % of VDP upload | Remark |
|---|---|---|---|---|---|
| 1 | Kyainseikgyi | 26 | 26 | 100 | |
| 2 | Kyaukkyi | 37 | 37 | 100 | |
| 3 | Tanintharyi | 16 | 16 | 100 | |
| 4 | Bawlake | 18 | 18 | 100 | |
| 5 | Hpasawng | 33 | 33 | 100 | |
| 6 | Hsihseng | 321 | 321 | 100 | |
| 7 | Kungyangon | 136 | 136 | 100 | |
| 8 | kyauktan | 78 | 78 | 100 | |
| 9 | Loikaw | 123 | 123 | 100 | |
| 10 | Matupi | 149 | 149 | 100 | |
| 11 | Mese | 14 | 14 | 100 | |
| 12 | Mogaung | 79 | 79 | 100 | |
| 13 | Natogyi | 192 | 192 | 100 | |
| 14 | Ngaputaw | 426 | 426 | 100 | |
| 15 | Padaung | 227 | 227 | 100 | |
| 16 | Pauk | 262 | 262 | 100 | |
| 17 | Paung | 154 | 154 | 100 | |
| 18 | Pyawbwe | 318 | 318 | 100 | |
| 19 | Pyinmana | 139 | 139 | 100 | |
| 20 | Saw | 117 | 117 | 100 | |
| 21 | Shadaw | 16 | 16 | 100 | |
| 22 | Tilin | 93 | 93 | 100 | |
| 23 | Yamethin | 263 | 263 | 100 | |
| 24 | Danubyu | 457 | 457 | 100 | |
| 25 | Gwa | 167 | 167 | 100 | |
| 26 | Hlaningbwe | 402 | 402 | 100 | |
| 27 | Ingapu | 644 | 644 | 100 | |
| 28 | Kani | 200 | 200 | 100 | |
| 29 | kawtkareik | 258 | 258 | 100 | |
| 30 | Kyunhla | 114 | 114 | 100 | |
| 31 | Mabein | 57 | 57 | 100 | |
| 32 | Maukmai | 104 | 104 | 100 | |
| 33 | Mongkhet | 148 | 148 | 100 | |
| 34 | Ponnagyun | 5 | 0 | 0 | |
| 35 | Putao | 113 | 113 | 100 | |
| 36 | Shwegu | 88 | 88 | 100 | |
| 37 | Shwegyin | 73 | 73 | 100 | |
| 38 | Thegon | 308 | 308 | 100 | |
| 39 | Tongzang | 93 | 93 | 100 | |
| | Total | 6468 | 6463 | 99.92 | |

## Y-8 VDPစာအုပ်များWebsiteတွင် တင်ထားမှုအခြေအနေ

| Sr | Township | VDP Total | upload on website (Y-8) | % Of VDP upload | Remarks |
|---|---|---|---|---|---|
| 1 | Mabein | 57 | 57 | 100% | |
| 2 | Maukmai | 22 | 22 | 100% | |
| 3 | Mongkhet | 74 | 24 | 32% | |
| 4 | Tonzang | 93 | 55 | 59% | |
| 5 | Putao | 113 | 102 | 90% | |
| 6 | Shwegu | 44 | 44 | 100% | |
| 7 | Shwegyin | 32 | 32 | 100% | |
| 8 | Gwa | 62 | 62 | 100% | |
| 9 | Kyainseikkyi | 26 | 26 | 100% | |
| | Total | 523 | 424 | 81% | |

## အသိပညာနှင့် လေ့လာသင်ယူခြင်း

| | သုံးလပတ်အတွင်း လုပ်ငန်းတိုးတက်မှု | ပြဿနာများနှင့် နောက်ထပ် လုပ်ဆောင် ချက်များ |
|---|---|---|
| | လူထုစစ်ဆေးပွဲများ | |
| | • ကာလအဆုံး၌ ဆဋ္ဌမနှစ်မြို့နယ် ၅၄ မြို့နယ်အတွက် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၈၈၈၄ခု အနက် လူထုစစ်ဆေး (၁၀၀%) ပြီးစီးခဲ့ပါသည်။ သတ္တမနှစ် မြို့နယ် ၃၉ မြို့နယ် အတွက် စီမံကိန်း လုပ်ငန်းခွဲပေါင်း ၅၁၃၈ခု အနက် ၅၁၁၈ခု (၉၉.၆၁%) ပြီးစီးခဲ့ ပါ သည်။ အဋ္ဌမ နှစ် မြို့နယ် ၉ မြို့နယ် အတွက် စီမံကိန်း လုပ်ငန်းခွဲပေါင်း ၂၈၃ခု အနက် လူထုစစ် ဆေး ၂၁၉ခု (၇၇.၃၈%) ပြီးစီးခဲ့ပါသည်။ | • ကျန်ရှိသည့် လူထုစစ်ဆေးပွဲများအား လာမည့် သုံးလပတ်အတွင်း အပြီးသတ် ဆက်လက် ဆောင်ရွက်မည် ဖြစ်ပါသည်။ |

| | | |
|---|---|---|
| | **သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲ (MSR) နှင့် စီမံကိန်း လက်စွဲ (OM)** | |
| | • မြို့နယ်အဆင့် **MSR**။ ဤကာလ အတွင်း မြို့နယ် **TMSRs** အား **Covid-19** ရောဂါကြောင့် မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ခြင်း မရှိပါ။ | • စီမံကိန်းမြို့နယ်အရေအတွက် များပြား လာခြင်းနှင့် **Covid-19** ကာလဖြစ်သောကြောင့် **UMSR** ဆွေးနွေးပွဲ ကျင်းပနိုင်ရန် စီမံခန့်ခွဲမှု နည်းလမ်းအသစ်များ ဖန်တီးရပါမည်။ |
| | **ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်** | |
| | • ဤသုံးလပတ်အတွင်းဆဋ္ဌမနှစ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် စုစုပေါင်း (၁၀၂၇၀) ခု ဆောင်ရွက်ပြီးစီး၍ ၁၀၀**%**ပြီးစီးပြီး ဖြစ်ပါသည်။ သတ္တမနှစ်ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ် စုစုပေါင်း (၆၄၆၈) ခု ဆောင်ရွက်ပြီးစီး၍ ၁၀၀**%**ပြီးစီးပြီး ဖြစ်ပါသည်။ အဋ္ဌမနှစ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် စုစုပေါင်း (၅၂၃) ခု ဆောင်ရွက်ပြီးစီး၍ ၁၀၀**%** ပြီးစီးပြီး ဖြစ်ပါသည်။ | • နောင်သုံးလပတ်တွင် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ဆက်လက် လုပ်ဆောင်သွားပါမည်။ |

**စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ခြင်း**

| | သုံးလပတ်အတွင်းလုပ်ငန်းတိုးတက်မှု | သုံးသပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ချက်များ |
|---|---|---|
| | • အဌမနှစ် စီမံကိန်းအကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်(တွန်း ဇံ၊ မဘိမ်း၊ ရွှေကူ၊ ပူတာအို၊ မောက် မယ်၊ ပုဏ္ဏားကျွန်း၊ ဂွ၊ မိုင်းခတ် နှင့် ရွှေကျင်) မြို့နယ် (၉)မြို့နယ်အား **Video Confrecing** စနစ်ဖြင့် **Refresher M&E/MIS**သင်တန်း ပို့ချပြီးဖြစ်ပါသည်။<br><br>**<u>ဝန်ထမ်းရေးရာ</u>**<br>• ကဏ္ဍအလိုက် ဝန်ထမ်း ခန့်ထားမှု အခြေအနေမှာ ၃၁/၁၂/၂၀၂၁ ထိ အောက်တွင် ဖော်ပြထားသည့် အတိုင်း ဖြစ် သည်။<br>- တိုင်းဒေသကြီးရုံးများ- ဇယား ၆ | ဆက်လက်ဆောင်ရွက်ချက် - ၁) အပတ်စဉ် လုပ်ငန်းတိုးတက်မှုများ စစ်ဆေးပြီး လစဉ်အစီရင်ခံစာများ ပြုစုတင် ပြသွားမည် ဖြစ်ပါသည်။<br><br>**<u>ဝန်ထမ်းရေးရာ</u>**<br>• **TTA** များနှင့်အတူ မြို့နယ်ရှိ ဝန်ထမ်းခန့်ထားမှု အခြေ အနေအချို့သော ခွင်းချက်နှင့်အတူ အဆိုပါ မြို့နယ်များသည် ပြီးခဲ့သော သုံးလပတ်တွင် အချို့ တိုင်းဒေသကြီးရုံးများမှ ပံ့ပိုးမှုများနှင့်အတူ စီမံကိန်းကိုကောင်းစွာ အကောင်အထည်ဖော် လုပ်ဆောင်ကြရမည်။ |

## အခက်အခဲနှင့် စိန်ခေါ်မှုများ

### စောင့်ကြည့်ကြီးကြပ်ရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲရေး

၂၉။ COVID-19ကာလအတွင်းဖြစ်သောကြောင့် သင်တန်းများပို့ချရာတွင် Video Comfrecing စနစ်ဖြင့် ပို့ချရသောကြောင့် ထိရောက်မှု အားနည်းသည်။ COVID-19ကာလဖြစ်သောကြောင့် မြို့နယ်မှ တာဝန်ရှိ ဝန်ထမ်းများ ကျေးရွာများသို့ ကွင်းဆင်းရာတွင် အနည်းငယ် ခက်ခဲသောကြောင့် အချက်အလက်များ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ပါသည်။ မြို့နယ်များတွင် ဝန်ထမ်းများ ပြောင်းရွှေ့ခြင်း/ လစ်လပ်သွားသောကြောင့် အချက်အလက်များ တောင်းခံရာတွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ပါသည်။

### ကျား၊မရေးရာနှင့်လူမှုဆိုင်ရာများအခက်အခဲများ

၃၀။ ကျေးရွာလူထုများသည် သီးနှံရိတ်သိမ်းချိန်ဖြစ်သောကြောင့် အစည်းအဝေးနှင့် စီမံကိန်းလုပ်ငန်းခွဲများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ကျား-မအချိုး တူညီမျှရေးအတွက်အနည်းငယ် အခက်အခဲရှိခြင်း တွေ့ရှိပါသည်။

## နောက်သုံးလပတ်ဆောင်ရွက်မည့် အစီအစဉ်

### စောင့်ကြည့်အကဲဖြတ်ခြင်းနှင့်သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း

၃၁။ နောက်သုံးလပတ်တွင် ဆောင်ရွက်မည့် အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စီမံကိန်းပြီးသော မြို့နယ်များ၏ လုပ်ငန်းအပြီးသတ်အစီရင်ခံစာများ စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ) အပတ်စဉ် လုပ်ငန်းတိုးတက်မှုများ စစ်ဆေးပြီး လစဉ်အစီရင်ခံစာများ ပြုစုတင်ပြသွားမည် ဖြစ်ပါသည်။

(ဂ) သတင်းအချက်အလက်များ၊ တိုးတက်မှုများ အချိန်မီ ရရှိစေရန် မြို့နယ်၊ ပြည်နယ်/တိုင်းများမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### သင်တန်းပို့ချမှု အခြေအနေ

၃၂။ နောက်သုံးလပတ်တွင် မြို့နယ် (မောက်မယ်၊ မိုင်းခတ်၊ ပုဏ္ဏားကျွန်း၊ ဂွ၊ ရွှေကျင်နှင့် သဲကုန်း) (၆)မြို့နယ်အတွက် **DRD**ဝန်ထမ်းများအား စီမံခန့်ခွဲမှု သင်တန်းအား Video Conferencing စနစ်ဖြင့် ပို့ချသွားမည် ဖြစ်ပါသည်။

### ဝယ်ယူရေးအစီအစဉ်

၃၃။ ပြည်ထောင်စုအဆင့်နှင့် ပဉ္စမနှစ် (၁၆) မြို့နယ်ရှိ ဆက်လက်ဆောင်ရွက်မည့် မြို့နယ်များအတွက် လိုအပ်သည့် အကြံပေးဝန်ထမ်းများ၊ Infraများ၊ CF နှင့် TF များအား ခန့်အပ်သွားမည် ဖြစ်ပါသည်။ စီမံကိန်းပြီးဆုံးသွားသည့် မြို့နယ်များရှိ ခွဲဝေချထားခဲ့ပြီး ရုံးပုံသေပိုင်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်အပ်နှံခြင်း၊ ပြုပြင်ခြင်း၊ ခွဲဝေချထားခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### ဘဏ္ဍာရေးအစီအစဉ်

၃၄။ (က) တောင်းဆို အဆိုပြုထားသော လက်ကျန် ထောက်ပံ့ငွေများ ခွဲဝေပေးခြင်း၊

(ခ) ဘဏ္ဍာရေးစစ်ဆေးနိုင်ရန် ဘဏ္ဍာရေးနှစ် ၂၀၂၀-၂၀၂၁ခုနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းအား ပြင်ဆင်ခြင်း၊

(ဂ) ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၏ သုံးလပတ် (ဇန်နဝါရီ-မတ်လ)အတွက် အစီရင်ခံစာအား ၁၅-မေလ-၂၀၂၂ မတိုင်မီ တင်သွင်းရန်၊

### သတင်းပြန်ကြားဆက်သွယ်ရေးအစီအစဉ်

၃၅။ (က) စီမံကိန်းမြို့နယ်များသို့ စောင့်ကြည့်လေ့လာရန်၊

(ခ) စီမံကိန်းမြို့နယ်များသို့မီဒီယာစောင့်ကြည့်လေ့လာမှုပြုလုပ်ရန်၊

(ဂ) စီမံကိန်းမြို့နယ်ရှိ DRDဝန်ထမ်းသစ်များအား စီမံခန့်ခွဲမှု သင်တန်းများ ပြုလုပ်ရန်၊

**ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်များ၏သုံးလပတ်အတွင်းကြုံတွေ့ခဲ့ရသောအခက်အခဲများ**

၃၆။ ပြည်နယ်/တိုင်း နှင့် မြို့နယ်များမှ အောက်ပါစီမံကိန်းမြို့နယ်များ၏ စီမံကိန်းလုပ်ငန်းဆိုင်ရာ အခက်အခဲများအား တင်ပြလာပါသည် -

**နည်းပညာပံ့ပိုးမှုအခက်အခဲများ**

(က) **မောက်မယ်မြို့နယ်**

(Steel Structure) သံထည်ဖြင့်ဆောက်လုပ်သည့် နည်းပညာ/ကွန်ပျူတာ/ စေ့စပ် ညှိနှိုင်းရေး) သင်တန်းများအား (40k) ဖြင့် ပေးမည့်အစီအစဉ်များ ပြုလုပ်ပေးပါက ပိုမို ကောင်းမွန်ပါသည်။ သင်တန်းများအားပေးသွားမည်ဟုမျှော်လင့်ပါသည်။

(ခ) **ပုဏ္ဏားကျွန်းမြို့နယ်**

လုပ်ငန်းခွဲစတင်ခြင်းမရှိသေးသည့်ကျေးရွာများမှာ CDM ဝန်ထမ်းများကြောင့် ကျန်ရှိနေခြင်း ဖြစ်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဈေးနှုန်းမြင့်မားလာမှုကြောင့် လမ်းလုပ်ငန်းခွဲများမှာ မူလလျာထားသည့် ပမာဏထက် လျော့နည်းခြင်းများ ရှိပါသည်။

(ဂ) **မိုင်းခတ်မြို့နယ်**

အစီရင်ခံသည့်ကာလအတွင်း ကျေးရွာအုပ်စု (၅)အုပ်စုတွင် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ခြင်းနှင့် လူထုစစ်ဆေးခြင်း (Social audit) တို့တွင် လိုအပ်သော နည်းပညာများအား စီမံကိန်းဝန်ထမ်းများမှ ပံ့ပိုးကူညီခဲ့ရာ COVID-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကာကွယ် ထိန်းချုပ်ကုသရေး ကာလနှင့်တိုက် ဆိုင်နေခြင်း၊ မြို့နှင့် အလှမ်းဝေးသော ကျေးရွာများသို့ သွားလာရာတွင် လမ်းပန်း ဆက်သွယ်ရေး အခက်အခဲများ ရှိပါသဖြင့် စီမံကိန်းစက်ဝန်း အဆင့်ဆင့်အလိုက် စီမံကိန်း အကောင်အထည်ဖော်ရေး လက်စွဲပါ လမ်းညွှန်ချက်များအတိုင်း အသေးစိတ် ကူညီပံ့ပိုးနိုင်ရန် အခက်အခဲ ရှိပါကြောင်းနှင့် ဖုန်းလိုင်းများ/ အင်တာနက်လိုင်းများ မကြာခဏ ပြတ်တောက်ခြင်းများကြောင့် Online ဖြင့် အသုံးပြုဆက်သွယ်ရသော စီမံကိန်း လုပ်ငန်းများအတွက် အခက်အခဲများရှိခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

**စီမံကိန်းမှ ထောက်ပံ့သောအသုံးအဆောင်ပစ္စည်းအခက်အခဲများ**

**(က) ပုဏ္ဏားကျွန်းမြို့နယ်**

စီမံကိန်းအကောင်အထည်ဖော် ဆောင်ဆဲကျေးရွာများတွင် ဘဏ်မှငွေ ထုတ်ပေးမှု ကန့်သတ်ချက်ကြောင့် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို လိုအပ်သော အချိန်တွင် ဝယ်ယူရန်ခက်ခဲခဲ့ပါသည်။ လုပ်အားခပေးချေရာတွင်လည်း အခက်အခဲများ ရှိခဲ့ပါသည်။

(ခ) **ဝမြို့နယ်**

**Covid-19** ကပ်ရောဂါပျံ့နှံ့မှုများကြောင့် အသွားအလာ ကန့်သတ်မှုများရှိနေသဖြင့် စီမံကိန်း လုပ်ငန်းခွဲများ အချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပစ္စည်းများမှာယူရာတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ခဲ့ပါသည်။ ပစ္စည်းများ ဈေးနှုန်း မတန်တဆ တက်နေသောကြောင့် စီမံကိန်းလုပ်ငန်းခွဲများ အတိုင်းအတာ အနည်းငယ် လျှော့ချခဲ့ရသည်။ စီမံကိန်းများ စတင်လုပ်ဆောင်ရန်နှင့် ဆက်လက်လုပ်ဆောင် နိုင်ရန်အတွက် စီမံကိန်း ရန်ပုံငွေများ မထုတ်ယူနိုင်သောကြောင့် လုပ်ငန်းများ နှောင့် နှေးကြန့်ကြာနေပါသည်။

(ဂ) **မိုင်းခတ်မြို့နယ်**

မိုင်းခတ်မြို့သည် National Grid Lines လျှပ်စစ်မီး/EPC မီး မရရှိခြင်း၊ မြို့နေ လူဦးရေ နည်းပါးခြင်းတို့ကြောင့် ကျေးရွာလက်ခံစာရွက်စာတမ်းများ ရုံးပြင်ပတွင် မိတ္တူကူးရန် အခက် အခဲရှိပါကြောင်း တင်ပြအပ်ပါသည်။ စီမံကိန်းတွင် မော်တော် ဆိုင်ကယ် Honda 125 (၆)စီး၊ TVS 110 (၃၅)စီး၊ စုစုပေါင်း (၄၁)စီးရှိသော်လည်း မိုင်းခတ်မြို့နယ်ရှိ ကျေးရွာများသည် တောင်ကုန်း တောင်တန်းများပေါ်တွင် တည်ရှိ သဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး တောင် တက်/ဆင်း လမ်းများ ဖြစ်ခြင်းနှင့် စီမံကိန်းစက်ဝန်း (၃)ခု အသုံးပြုပြီးဖြစ်သဖြင့် ဆိုင်ကယ်အစိတ်အပိုင်းများ ပြင်ဆင် သုံးစွဲလျက် ရှိပါကြောင်းနှင့် TVS 110 ဆိုင်ကယ် အပိုပစ္စည်းများမှာ မန္တလေးမြို့သို့ မှာယူရခြင်း၊ မိုင်းခတ်၊ ကျိုင်းတုံ၊ တာချီလိတ် မြို့များတွင် ဝယ်ယူရန် မရှိခြင်းတို့ ကြောင့် ဆိုင်ကယ်များ ပျက်သည့်အခါ အပိုပစ္စည်းများ အစားထိုးရန် လိုအပ်ပါက အချိန်မီ ပြင်ဆင်ရန် အခက်အခဲ ရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဝန်ထမ်းဆိုင်ရာအခက်အခဲ**

(က) **ဝမြို့နယ်**

လက်ထောက်နည်းပညာမှူး (၇)ဦးနှင့် လူထုစည်းရုံးရေးမှူး (၁၃)ဦး ရှိပြီး လက်ရှိ စီမံကိန်း လုပ်ငန်းခွဲ အရေအတွက်နှင့် ဝန်ထမ်းအရေအတွက် ကိုက်ညီမှုရှိပါသည်။ ဝန်ထမ်းထပ်မံလိုအပ်မှု မရှိသေးပါ။

**နယ်မြေ/လုံခြုံမှုဆိုင်ရာအခက်အခဲ**

(က) **ရွှေကူမြို့နယ်**

စီမံကိန်းစတုတ္ထနှစ်စက်ဝန်း ဆောင်ရွက်လျက်ရှိသည့် ကျေးရွာအုပ်စုများသို့ ကွင်းဆင်း သွားရောက်ရာတွင် နယ်မြေလုံခြုံစိတ်ချရမှု အားနည်းလျှက်ရှိပါသည်။

(ခ) **ဝှမြို့နယ်နယ်**

